**ခရစ်ယာန်အသက်တာ၊ အသင်းတော်အသက်တာ၊ ခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်းနှင့် သခင်ဘုရား၏ကြွလာခြင်း**

(Friday—First Morning Session)

Message One

# ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်း–နက်နဲသောခေတ်

ဖတ်ရန်ကျမ်း။ ။ မ၊ ၂၈း ၂၀။ ဧ၊ ၁၀း၇။ ၁တိ၊ ၁း၄။ ၃း၉။ ဧ၊ ၃း၉။ ၅း၃၂။ ဟေဗြဲ၊ ၁း၆

**I. ''ငါသည်လည်း ခေတ်ကာလကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏'' – မ၊ ၂၈း ၂၀။**

က။ *ပြီးမြောက်ပြည့်စုံခြင်း* ဟူသောစကားလုံးမှာ ပြီးမြောက်ခြင်း သို့မဟုတ် ပြီးပြည့်စုံခြင်းသို့ အဆင့်ဆင့်တိုးတက်သွားသော ဖြစ်စဉ်ရှိကြောင်းကို ဆိုလိုသည် – ၂၄း၃။

ခ။ ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်းနှင့် ခေတ်ကာလအဆုံးဟူသည်မှာ တူညီသောအရာကို ရည်ညွှန်းသည်။

ဂ။ မ၊ ၂၈း ၂၀ တွင် *ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်း* မှာ အသင်းတော်ခေတ်အဆုံးတည်းဟူသော ကျေးဇူးတော်ခေတ်အဆုံးကို ရည်ညွှန်းသည် – ယော၊ ၁း၁၄၊ ၁၆–၁၇။ ဧ၊ ၂၂း၁၀။

ဃ။ ခေတ်ကာလပြီးမြောက်ပြည့်စုံခြင်းမှာ ဘေးဒဏ်ကြီးကာလသုံးနှစ်ခွဲဖြစ်ပေလိမ့်မည် – ဒံ၊ ၁၂း၄၊ ၆–၇၊ ၉။

**II. မျက်မှောက်ခေတ် – ကျေးဇူးတော်ခေတ်၊ အသင်းတော်ခေတ် – သည် နက်နဲသောခေတ်ဖြစ်သည် – ဧ၊ ၅း၃၂။**

က။ ဧ၊ ၁၀း၇ တွင် ''ဘုရားသခင်၏နက်နဲခြင်းသည် ပြည့်စုံခြင်းသို့ ရောက်မည်အကြောင်း'' ပြောဆိုထားသည်။ ဘုရားသခင်၏ နက်နဲခြင်းကို ပြည့်စုံစေခြင်းမှာ နက်နဲသောခေတ်ကို အဆုံးသတ်ခြင်းအတွက်ဖြစ်သည် – ကော၊ ၂း ၂။ ဧ၊ ၃း၃၊ ၅။ ၅း၃၂။

ခ။ အာဒံမှ မောရှေ၊ မောရှေမှ ခရစ်တော် ခေတ်ကာလတို့၌ အရာခပ်သိမ်းမှာ ဖွင့်ပြထား၍ နက်နဲခြင်းမရှိပေ။ မိလေနီနိုင်ငံတော် ခေတ်၌၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌လည်း ထိုနည်းတူ ဖြစ်လိမ့်မည် – အရာခပ်သိမ်းမှာ ဖွင့်ပြထား၍ နက်နဲခြင်းရှိ တော့မည်မဟုတ်ပေ။

ဂ။ ခရစ်တော်၏လူ့ဇာတိခံခြင်းမှ မိလေနီနိုင်ငံတော်အထိ ဖြစ်သော ခေတ်ကာလ – အသင်းတော်ခေတ်၊ ကျေးဇူးတော်ခေတ် – တွင် အရာခပ်သိမ်းသည် နက်နဲခြင်းဖြစ်သည် – ၁တိ၊ ၃း၉။

၁။ ခရစ်တော်၏လူ့ဇာတိခံခြင်းသည် နက်နဲခြင်းခေတ်၏ အစအဦးဖြစ်၍၊ နက်နဲခြင်းဖြစ်သည်။ ခရစ်တော်၏လူ့ဇာတိခံခြင်း အားဖြင့် အကန့်အသတ်မရှိသော ဘုရားသည် အကန့်အသတ်ရှိသော လူသားအထဲသို့ ဆောင်ယူခြင်း ခံရသည် – အငယ်၊ ၁၆။

၂။ ခရစ်တော်သည် ဘုရားသခင်၏နက်နဲခြင်းဖြစ်သည် – ကော၊ ၂း ၂။

(က) ဘုရားသခင်သည် နက်နဲ၍၊ ကိုယ်တော့်ကို ထင်ရှားခြင်းငှာ ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းအဖြစ် ခရစ်တော် သည် ဘုရားသခင်၏ နက်နဲခြင်းဖြစ်သည်။

(ခ) ဘုရားသခင်၏ နက်နဲခြင်းဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်၍၊ ဘုရားဇာတိအဖြစ် တော်အလုံးစုံသည် ခရစ်တော်၌ ကိုယ်ထင်ရှားကိန်းဝပ်တော်မူသည် – အငယ်၊ ၉။

၃။ အသင်းတော်သည် ခရစ်တော်၏နက်နဲခြင်းဖြစ်သည် – ဧ၊ ၃း၄–၆။

(က) ခရစ်တော်သည် နက်နဲ၍၊ ကိုယ်တော့်ကို ထင်ရှားခြင်းငှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သော အသင်းတော်သည် ခရစ်တော်၏ နက်နဲခြင်းဖြစ်သည်။

(ခ) ခရစ်တော်နှင့် အသင်းတော်သည် တစ်ဝိညာဉ်တည်းအဖြစ်၊ ကြီးစွာသော နက်နဲခြင်းဖြစ်သည် – ၅း၃၂။ ၁ကော၊ ၆း၁၇။

(ဂ) အသင်းတော်ခေတ်၊ နက်နဲခြင်း ခေတ်အတွင်း ခရစ်တော်သည် ကိုယ်တော်၏သတို့သမီးဖြစ်လာမည့် အသင်းတော် တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်နေသည် – မ၊ ၁၆း၁၈။ ရော၊ ၁၂း၄–၅။ ၁ကော၊ ၁၂း၁၂၊ ၂၇။ ဧ၊ ၄း၁၆။ ကော၊ ၁း၁၈။ ဗျာ၊ ၁၉း၇–၉။

၄။ ကောင်းကင်များ၏နိုင်ငံတော်၊ ဧဝံဂေလိတရား၊ ခရစ်တော်၏ကိန်းဝပ်နေခြင်း၊ သန့်ရှင်းသူများ၏ရောက်လာမည့် ရှင်ပြန် ထမြောက်ခြင်းနှင့် အဆင်းသဏ္ဌာန်ပြောင်းလဲခြင်း စသည်တို့အားလုံးသည် နက်နဲ၍၊ ခေတ်ကာလများ၏ အချိန်၌ ဝှက် ထားလျက်ရှိသည် – မ၊ ၁၃း၁၁။ ဧ၊ ၆း၁၉။ ကော၊ ၁း ၂၆– ၂၇။ ၁ကော၊ ၁၅း၅၁–၅၃။

၅။ သတ္တမတံပိုး မှုတ်သောအခါ၊ နက်နဲခြင်းများအားလုံးသည် ပြီးပြည့်စုံသွားမည်၊ ပြီးစီးသွားမည်၊ အဆုံးသတ်သွားမည်

ဖြစ်သည် – ဗျာ၊၁၀း၇။

ဃ။ ကျွန်ုပ်တို့သည် “အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ခေတ်များတစ်လျှောက်လုံး ဝှက်ထားလျက်ရှိသော ထို နက်နဲသောအရာ၏ စီမံကိန်းသည် အဘယ်အရာဖြစ်သည်ကို သူတို့သည် မြင်နိုင်မည့်အကြောင်း လူအပေါင်းတို့အား အလင်း ပေးရန်” လိုအပ်သည် – ဧ၊၃း၉။

၁။ ဓမ္မသစ်ကျမ်း၌ နက်နဲခြင်းဟု ဆိုရာတွင် ဝှက်ထားသော၊ မသိနိုင်သောအရာများကို ရည်ညွှန်းရုံသာမက၊ ဘုရားသခင်၏ စိတ်နှလုံးတော်၌ ဝှက်ထားသောအရာများကိုလည်း ရည်ညွှန်းသည် – မာ၊၄း၁၁။ ရော၊၁၆း၂၅–၂၆။ ကော၊၁း၂၆–၂၇။ ၂း၂။ ၄း၃။ ဧ၊၁း၉။ ၃း၃–၅၊ ၉။ ၅း၃၂။ ၆း၁၉။

၂။ ဘုရားသခင်၏နက်နဲခြင်းမှာ ဝှက်ထားသော အကြံအစည်တော်ဖြစ်၍၊ ယင်းမှာ မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံလူ အထဲသို့ ဝေငှဖြန့်ဖြူးပေးရန်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နက်နဲခြင်းစီမံကိန်းရှိသည် – ၃း၉။

၃။ ဘုရားသခင်၏ စိတ်နှလုံးတော်၌ ဝှက်ထားသောနက်နဲခြင်းမှာ ဘုရားသခင်၏ထာဝရစီမံကိန်းဖြစ်သည် (၁း၁၀။ ၃း၉။ ၁တိ၊၁း၄)။ ယင်းမှာ ဘုရားသခင်၏ထာဝရရည်ရွယ်ချက်၊ စိတ်နှလုံးတော်အလိုဆန္ဒဖြစ်၍ ဝိညာဉ်တော်အားဖြင့် သားတော်၌ရှိသော ခမည်းတော် တည်းဟူသော ကိုယ်တော်၏ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၌ မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံ၊ ရွေးနှုတ်ခံလူတို့အထဲသို့ သူတို့၏အသက်နှင့် သဘောသဘာဝအဖြစ် ဝေငှဖြန့်ဖြူးပေးရန် ဖြစ်သည်။ သို့မှသာ သူတို့သည် ကိုယ်တော်နှင့်တစ်ထပ်တည်း ကိုယ်တော်၏ပုံတူပွားဖြစ်ကာ (ရော၊၈း၂၉။ ၁ယော၊၃း၂)၊ ရှင်သန်မှုတစ်ခု၊ လူသစ်တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာပြီး (ဧ၊၂း၁၅–၁၆)၊ ယေရုရှလင်မြို့သစ်ဖြစ်လာမည်ဖြစ်သည် (ဗျာ၊၂၁း၂–၂၂း၅)။

၄။ ပေါလုသည် ခရစ်တော်၏စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများကို ဧဝံဂေလိတရားအဖြစ် ဟောပြောခဲ့သည့်အပြင်၊ ဘုရား သခင်၌ ဝှက်ထားသည့် နက်နဲသောစီမံကိန်းကိုလည်း ဧဝံဂေလိတရားအဖြစ် ဟောပြောခဲ့သည် – ဧ၊၃း၈–၉။

(က) ဘုရားသခင်၌ ဝှက်ထားသည့် နက်နဲသော စီမံကိန်း ဧဝံဂေလိတရားမှာ ဘုရားသခင်၏ ထာဝရအကြံအစည်တော် အတိုင်း ဘုရားသခင်၏ထင်ရှားခြင်းနှင့် ဘုန်းထည်ဝါခြင်းအတွက် အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်သည် – အငယ်၊ ၁၀–၁၁၊ ၂၁။

(ခ) လူအပေါင်းတို့ အလင်းထွန်းလင်းခြင်းခံရရန် ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်၌ ဝှက်ထားသည့် နက်နဲခြင်းကို ဧဝံဂေလိတရားအဖြစ် ဟောပြောကြရမည်ဖြစ်သည်။ သို့မှသာ သူတို့သည် ကိုယ်တော်၏ အလိုတော်၊ ကိုယ်တော်၏ စိတ်နှလုံးအလိုဆန္ဒ၊ ကိုယ်တော်၏ထာဝရအကြံအစည်တော် ပြည့်စုံခြင်းငှာ အလုံးစုံတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်၌ ဝှက်ထားသည့် နက်နဲသောစီမံကိန်းမှာ အဘယ်အရာဖြစ်သည်ကို သိမြင်ကြမည်ဖြစ်သည် – ၁း၅၊ ၉၊ ၁၁။ ၃း၈–၁၁။

## III. နက်နဲခြင်းခေတ်သည် ယုံကြည်ခြင်းခေတ်ဖြစ်သည် – ဟေဗြဲ၊၁၁း၁၊ ၆။ ဗျာ၊၁၀း၇။ ၁တိ၊၃း၉။

က။ ဘုရားသခင်၏နက်နဲခြင်းများကို ယုံကြည်ခြင်းအားဖြင့် သိရှိရသည်။ ဤအကြောင်းကြောင့် နက်နဲခြင်းခေတ်သည် ယုံကြည် ခြင်းခေတ်လည်းဖြစ်သည် – ဗျာ၊၁၀း၇။

ခ။ ယုံကြည်ခြင်းသည် မျှော်မှော်ကိုးပြုနိုင်စွမ်း ရှိခြင်းဖြစ်သည်။ ယင်းအားဖြင့် ကျွန်ုပ်တို့သည် မမြင်သေးသောအရာတို့ကို မျှော်မှော်ကိုးပြုနိုင်ခြင်း၊ သိမှတ်စွဲလန်းနှင့် မျှော်လင့်ခြင်းရှိနိုင်ကြသည် – ဟေဗြဲ၊၁၁း၁။

၁။ ယုံကြည်ခြင်းသည် မမြင်သေးသောအရာများ၊ မမြင်ရသောအရာများကို သိမှတ်စွဲလန်းစိတ်ချမှု ရှိစေသည်။ ထို့ကြောင့် ယင်းသည် မမြင်သေးသောအရာ၏ ထင်ရှားခြင်း၊ သက်သေဖြစ်သည် – အငယ်၊၁။

၂။ ကျွန်ုပ်တို့သည် မြင်ရသောအရာတို့ကို မကြည့်မမှတ်ဘဲ၊ မမြင်ရသော အရာတို့ကို ကြည့်မှတ်ကြ၏ – ၂ကော၊၄း၁၈။

၃။ ခရစ်ယာန်အသက်တာသည် မမြင်ရသောအရာများ၏ အသက်တာဖြစ်၍၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် မြင်ရ သောအရာများမှ မမြင်ရသောအရာများသို့ ကိုယ်တော်၏ အသင်းတော်ကို ပြန်လည်ရယူရန် ဖြစ်သည် – ရော၊၈း၂၄–၂၅။ ဟေဗြဲ၊၁၁း၂၇။ ၁ပေ၊၁း၈။ ဂလ၊၆း၁၀။

ဂ။ ယုံကြည်ခြင်းမှာ ဘုရားသခင်အဖို့ လူနှင့်အတူ ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ရန်အတွက် အတုမရှိသောနည်းလမ်းဖြစ်သည် – ဟေဗြဲ၊၁၁း၆။

၁။ ဘုရားသခင်၏စီမံကိန်းမှာ ယုံကြည်ခြင်း၌ – ယုံကြည်ခြင်း၏ အဝန်းအဝိုင်းနှင့် ဒြပ်သဘာဝ၌ အစပြုကာ တိုးတက်လာ ခြင်း အကြောင်းအရာ ဖြစ်သည်။ ယုံကြည်ခြင်းမရှိပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံကိန်းကို မသိရှိနိုင်ပေ – ၁တိ၊၁း၄။

၂။ ယုံကြည်ခြင်းမှာ ကိုယ်တော်၏ ဓမ္မသစ်စီမံကိန်း၌ ဘုရားသခင်ကို ဆက်သွယ်ရန် လူများအဖို့ အတုမရှိသော တောင်းဆို

ချက်ဖြစ်သည် – ဟေဗြဲ၊၁၁း၁၊ ၆။ ၁တိ၊၁း၄။

၃။ ဓမ္မသစ်စီမံကိန်း၌ အရာခပ်သိမ်းနှင့် ဆက်နွယ်၍ ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏ တောင်းဆိုမှုမှာ ယုံကြည်ခြင်းဖြစ်သည် – ရော၊၁း၁၆–၁၇။ ဂလ၊၂း၂၀။ ဧ၊၃း၁၇။ မာ၊၁၁း၂၂။ လု၊၁၈း၈။

၄။ စစ်မှန်သောယုံကြည်ခြင်းမှာ ကိုယ်တော်၌ ကျွန်ုပ်တို့ယုံကြည်နိုင်စွမ်း ရှိလာရန်အတွက် ကျွန်ုပ်တို့အထဲသို့ ခရစ်တော် ကိုယ်တော်တိုင်ကို ပို့လွှတ်ထည့်သွင်းပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့အထဲသို့ သခင်ယေရှုကို ပို့လွှတ်ထည့်သွင်းပေးပြီး နောက် ကိုယ်တော်သည် အလိုအလျောက်ပင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဖြစ်လာသည် – ရော၊၃း၂၆။

၅။ ခရစ်တော်ယေရှု၌ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ရှင်သန်သောပေါင်းစည်းခြင်းအထဲသို့ ဆောင် သွင်းခံရသည်။ ဤရှင်သန်သောပေါင်းစည်းခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားရ၍၊ ခရစ်တော်ကို အသက် ရှင်ကြသည် – ဂလ၊၂း၁၆၊ ၂၀။ ယော၊၁၄း၁၇။ ဧ၊၃း၁၇။

၆။ ကိုယ်ခန္ဓာတော်၌ "ဘုရားသခင်သည် အသီးသီးတို့အား ယုံကြည်ခြင်းအတိုင်းအတာ ပေးဝေထားသည်"။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုယ် ထင်သင့်သည်ထက် လွန်၍ မထင်ဘဲ၊ "ကိုယ်ကိုယ် လျောက်ပတ်စွာ ထင်ရမည်ဖြစ်သည်" – ရော၊၁၂း၃။

၇။ ယုံကြည်ခြင်းမှာ အောင်မြင်သောသူများအဖို့ ကိုယ်တော်၏ အောင်နိုင်သော ကြွလာခြင်း၌ ခရစ်တော်ကို တွေ့ဆုံရန်နှင့် နိုင်ငံတော်ဆုလာဘ်ကို လက်ခံရရှိရန်အတွက် ဘုရားဆိုင်ရာ တောင်းဆိုမှုဖြစ်သည် – လု၊၁၈း၈။ ၂တိ၊၄း၇–၈။ ဟေဗြဲ၊ ၁၀း၃၅၊ ၃၉။

©2020 Living Stream Ministry